# မာတိကာ


၁။ မြေမြင်းသား၊ ငှက်ကြီးဝံပိုနှင့် မထွေးလေး

တိရစ္ဆာန်နှင့် လူသားတို့၏ မတူညီသော ရှေးရေစက် မေတ္တာဇာတ်လမ်းဖြစ်သည်။ မြေဘုရင်နှင့် မိသားစုမှ အငယ်ဆုံးမိန်းကလေးတို့၏ မေတ္တာဇာတ်လမ်း၊ သာယာသော အိမ်ထောင်ရေး၊ ကြီးပွားချမ်းသာမှုကို မနာလို မရှုဆိတ်ကြသဖြင့် ကျန်ညီအစ်မများက ညီမငယ်ကလေး ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်ကြရာမှ ပြောင်းလဲသွားသော ကံကြမ္မာများနှင့် လွမ်းဆွတ်ဖွယ်၊ နှစ်သက်ကြည်နူးဖွယ်များ ရောယှက်နေသည့်အကြောင်း

**See Page 9**

၂။ စွမ်းအင်ပြည့်ဝ လေက်မ

ကံကြမ္မာ၏ ဖန်တီးမှုကြောင့် လက်မအရွယ် သားကလေးတစ်ဦးရရှိလာခြင်းကို လက်ခံပြီး စောင့်ရှောက်၊ ကျွေးမွေးခဲ့ရာမှ အရွယ်မပြောင်းသော အစားကြီးသည့် လက်မအရွယ် သားငယ်၏ ခွန်အားကြီးမားလာခြင်းတို့အား အံ့သြဖွယ်ရာများစွာဖြင့်

**See Page 33**

၃။ ရုက္ခ၏စိုးရွှေအိုး

ဆင်းရဲသော သက်ကြီးရွယ်အိုလင်မယားသည် ရုက္ခစိုးနတ်အား အမြဲပင် စားဦးစားဖျား ပူဇော်လေ့ရှိ၏။ ထိုအခါ ရုက္ခစိုးနတ်ကလည်း စိတ်ကောင်းရှိ၍ သိတတ်မှုရှိသော အဘိုးအို လင်မယားကို ပြန်လည်၍ ကျေးဇူးပြုသည့်အနေဖြင့် ရွှေအိုးလက်ဆောင်ပေးလေသည်။ သို့သော် မသမာသော လူတစ်ယောက်၏ လက်ချက်ဖြင့် ရွှေအိုးကို လုယက်ခံလိုက်ရလေသောအခါ

**See Page 47**

၄။ ကြောင်ဖားကြီးရဲ့မြီးတံတို

အိမ်နီးချင်းနေထိုင်ကြသော ကြောင်ကြီးနှင့် ကြွက်ကလေးသားအမိ၏ ရယ်ရွှင်ဖွယ်ဇာတ်လမ်းဖြစ်သည်။ ကောက်ညှင်းပေါင်း ပေါင်းစားရာမှ ၊ အိမ်နီးချင်း ကြောင်ဖားကြီးကို ကောက်ညှင်းပေါင်းပေးရန် မေ့လျော့နေရာမှ ကြွက်ကလေးသားအမိ၏ ရင်ထိတ်ဖွယ် စိတ်လှုပ်ရှားဖွယ် ရယ်ရွှင်ဖွယ်ဇာတ်လမ်းဖြစ်ပြီး ဒေါသကြီးသော ကြောင်ဖားကြီး၏ အမူအကျင့်များအား

**See Page 61**

၅။ တခွေစ္ဆာကြောက်သည့်အရာ

သရဲတစ္ဆေခြောက်လှန့်တတ်သော သစ်ပင်ကြီး တစ်ပင်အောက်မှ ဖြတ်သန်းသွားသော လူငယ်ကလေးကို တစ္ဆေကခြောက်လှန့်ရာ လူငယ်ကလေးက တစ္ဆေကို မကြောက်ရွံ့ပဲ တစ္ဆေကို ပြန်လည် အသုံးချသွားပုံကို ရင်တဖိုဖိုဖြင့်

**See Page 83**

၆။ ရေအောက်ကမ္ဘာမှ ပြန်လာသူ

ဆင်းရဲသော တံငါသည်တစ်ယောက်သည် ရေအောက်မှ ရောမငါးဘုရင်မကြီးတစ်ကောင်ကို ဖမ်းမိရာမှ မသတ်ရက်ပဲ ပြန်လွှတ်လိုက်၏။ ထိုဘုရင်မကြီးက တံငါသည်ကြီးအား ကျေးဇူးတင်သည့် အနေနှင့် သူမ၏ တိုင်းပြည်သို့ ခေါ်ဆောင်ကာ ကျေးဇူးတုံ့ပြန်ခဲ့လေသည်။

တံငါသည်ကြီး လူ့ပြည်ပြန်ရောက်သောအခါ ရတနာပစ္စည်းများ စားမကုန်အောင် လက်ဆောင်ပေးလိုက်၏။ တံငါသည်ကြီးသည် လူ့ပြည်လူ့ရွာ ပြန်ရောက်လျှင် သူ့ကို တွေ့မြင်လိုက်ရသည့် ဇာတိနေ မိဘညီအစ်ကိုနှင့်သားသမီးများက သူ့ကို မမှတ်မိကြသော်လည်း မိမိပြုဖူးသော ကျေးဇူးတရားသည် တစ်ချိန်ချိန်တွင် တူသော အကျိုးပေးတတ်ကြောင်း

**See Page 101**

၇။ သက်ငယ်ရိတ်သွား ရွှေယုန်ရွှေကျား

မသမာစိတ်ရှိသော ရွှေယုန်နှင့် ရိုးရိုးအအနိုင်လှသော ရွှေကျားတို့၏ ဇာတ်လမ်းဖြစ်သည်။ မိုးရာသီအိမ်မိုးရန် သက်ငယ်ရိတ်သွားကြရာမှ ယုန်သည် အကျည်းတန်စွာဖြင့် ရွှေကျား၏ ထမင်းများကို စားပစ်ခြင်း၊ ကျောကုန်းပေါ် ခွစီးပြီး မီးရှို့ခြင်း စသည့် မသမာမှုများကို ပြုလုပ်ရာ ရွှေကျားကြီးသည် သဘောကောင်းသည့်အလျောက် ခံဘက်ကချည်းဖြစ်နေသည်၊ ပြောသမျှယုံ၏။ သို့သော် မကောင်းကြံ ဘေးဒဏ်ထိဆိုသည့် စကား အတိုင်း ရွှေယုန်သည် နောက်ဆုံးတွင် ဒုက္ခရောက်ခဲ့ရသည်။ လူ့ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် လူများအဖို့ တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် နွေးထွေးစွာ ဆက်ဆံသင့်သည်။ ကူညီရိုင်းပင်းမှုဖြင့် နေထိုင်လျှင် လူ့ဘောင်ဘဝကြီး သာယာငြိမ်းချမ်းမည်ဖြစ်ကြောင်း

**See Page 115**

၈။ ဖခင်၏ အကောင်းဆုံးအမွေ

ဆင်းရဲသော မိသားစုမှ ပေါက်ဖွားလာ သောညီအစ်ကိုသုံးဦးသည် ဖခင်၏ အမွေပေးလိုက်သော ကြက်ဖ၊ တံဇဉ်၊ ကြောင်ထီးကြီးကို တစ်ယောက်လျှင် တစ်မျိုးဆီ ယူဆောင်ပြီး မွေးရပ်မြေကို စွန့်ခွာ၍ တစ်ရပ်ကျေးသို့ စီးပွားရှာထွက်ခဲ့ကြရာပုံကို

**See Page 129**

၉။ တောစောင့်နတ်၏ လက်ဆောင်

ရွာတစ်ရွာတွင် ငယ်လင်ငယ်မယား မဟုတ်သူများ ပေါင်းသင်းရာတွင် တစ်ဖက်စီတွင် သမီးတွေ ကိုယ်စီပါလာကြ၏။ သဘာဝအတိုင်း ပြိုင်ဆိုင်မှု၊ မနာလိုမှုများ ပါဝင်လာ၏။ ဤတွင် ယောက်ျားကြီး မုဆိုးဖို၏ သမီးကလေးသည် လိမ္မာရေးခြားရှိခြင်း၊ စိတ်ကောင်းရှိခြင်းတို့ကြောင့် မိထွေး၏ စွန့်ပစ်ခြင်းကို ခံရကာ တောစောင့်နတ်၏ ကြည့်ရှုစောင့်ရှောက်ခြင်းကို ခံရ၏။ နောက်ဆုံးတွင် မိထွေးက သူမ၏ သမီးရင်းကိုပါ တောစောင့်နတ်၏ ကြည့်ရှုစောင့်မ,မှုကို ခံလိုရကား တောထဲသို့ သမီးဖြစ်သူကို လွှတ်၍ တောစောင့်နတ်၏ လက်ဆောင်ကို တောင်းခိုင်းရာမှ စိတ်၊ စေတသိက်နှင့်ရလဒ်အကြောင်း

**See Page 143**

၁၀။ လှူထူးလှူဆန်းငါးယောက်

ခန္ဓာကိုယ်ထူးခြားသော သူငယ်ချင်း ငါးယောက်သည် လေ့ကြီးတစ်စင်းဖြင့် အတူတကွ ငါးဖမ်းထွက်လာကြရာမှ အိမ်အပြန် လှေအပြည့်နှင့် ငါးပုစွန်များ ရရှိလာကြ၏။ သို့သော် ရွာတစ်ရွာတွင် သက်ကြီးရွယ်အိုတစ်ဦးက ငါးပုစွန်ကို ဝယ်ယူကြရာမှ ဖြစ်ပေါ်လာသော လောဘ၊ ဒေါသများကြောင့် စည်းလုံးမှု ပြိုကွဲရာမှ စ၍နောက်ဆုံး ညှိနှိုင်းလုပ်ဆောင်မှုဖြင့်သာ အောင်မြင်ခဲ့ကြပုံကို-စာမျက်နှာ

**See Page 163**

၁၁။ လပေါ်ကအဘိုးအိုနှင့် ယုန်ကလေး

ဆန်ဖွပ်မောင်းထောင်းပြီး ဆင်းရဲစွာ အသက်မွေးရသည့် အဘိုးအိုတစ်ယောက်နှင့် ယုန်ကလေးတစ်ကောင်သည် တစ်နေ့သောအခါ ကယ်တင်ရှင်နှင့် တွေ့ပြီး လပေါ်သို့ စိတ်ချမ်းသာစွာ လိုက်ပါသွားကြသည့် ပျော်ရွှင်စရာ ဇာတ်လမ်းတို့အား

**See Page 177**

၁၂။ ရှုပ်ပြောင်း ရှုပ်လှဲ့ မြေခွေးနှင့် သိုးမိသားစု

သိုးငယ်ကလေးများကို စားသောက်ရန် ဉာဏ်နီဉာဏ်နက်အမျိုးမျိုး ထုတ်၍ ကြံစည်နေသော စဉ်းလဲသည့် မြေခွေးသည် တစ်နေ့တွင် သိုးငယ်ကလေးများကို စားသောက်ခွင့်ရသွား၏။ သို့သော် မသေပဲ ကျန်ရစ်နေသော သိုးတစ်ကောင်နှင့် သိုးမ ကြီး၏ အကြံစည်ကြောင့် သိုးကလေးများ ပြန်လည် လွတ်မြောက်လာပုံလေးအား

**See Page 191**


*ဝေလွင်မြင့်မောင်*